**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ်၊ ၄၅ / ၂၀၂၆**

**၁၃၈၇ ခုနှစ်၊ တန်းခူးလဆန်း ၁ ရက်**

**(၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်)**

**အကောက်ခွန်နှုန်းလျှော့ချသတ်မှတ်ခြင်း**

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးသည် အကောက်ခွန်နှုန်းဥပဒေ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း လျှပ်စစ်သုံးယာဉ်များအသုံးပြုမှုနှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ပြည်ပမှ Completely Built Up-CBU စနစ်၊ Completely Knocked Down-CKD စနစ်နှင့် Semi-Knocked Down-SKD စနစ်တို့ဖြင့် တင်သွင်းသော ဘက်ထရီမှ လျှပ်စစ်စွမ်းအင်ကို ရယူမောင်းနှင်သည့် နောက်ဆက်တွဲ(က) ပါ ဘက်ထရီလျှပ်စစ်သုံးယာဉ် (Battery Electric Vehicle-BEV) အမျိုးအစားများနှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နည်းပညာပိုင်းဆိုင်ရာ ထောက်ခံချက်နှင့် စက်မှုဝန်ကြီးဌာန၏ ထောက်ခံချက်ပါရှိသည့် နောက်ဆက်တွဲ(ခ) ပါ လျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများနှင့် အပိုပစ္စည်းများအတွက် မြန်မာ့အကောက်ခွန်နှုန်းစာရင်း ၂၀၂၂ တွင် သတ်မှတ်ထားသည့် အကောက်ခွန်နှုန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ နောက်ဆက်တွဲ(က) နှင့် နောက်ဆက်တွဲ(ခ) တို့ပါ ရာခိုင်နှုန်းသို့ လျှော့ချသတ်မှတ်လိုက်သည်။

၂။ ဤအမိန့်ကြော်ငြာစာသည် ၂၀၂၆ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၂၇ ခုနှစ်၊ မတ်လ ၃၁ ရက်ထိ အကျိုးသက်ရောက်စေရမည်။

ဒေါက်တာကံဇော်
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ဘခ- ၂/၂/၂၆၇ (EV) ( ၃၅၈၄ / ၂၀၂၆)
ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ မတ်လ ၁၈ ရက်

**ဖြန့်ဝေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ယာယီသမ္မတရုံး

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး

နိုင်ငံတော်ဝန်ကြီးချုပ်ရုံး

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအမှုဆောင်ချုပ်ရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

မြန်မာနိုင်ငံစာရင်းကောင်စီ

အခွန်အယူခံခုံအဖွဲ့ရုံး

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနလက်အောက်ရှိဌာနနှင့် အဖွဲ့အစည်းများအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်။

မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)

အမိန့်အရ

(ဟန်ဝင်းအောင်)

ဒုတိယဝန်ကြီး

နောက်ဆက်တွဲ(က)

## ဘက်ထရီလျှပ်စစ်သုံးယာဉ် (Battery Electric Vehicle-BEV) အမျိုးအစားများ

| | ယာဉ်အမျိုးအစား | MCT 2022 တွင် ကောက်ခံသည့်နှုန်း (%) | | | ဖြေလျှော့ကောက်ခံသည့်နှုန်း (%) | | |
|---|---|---|---|---|---|---|---|
| | | CBU | SKD | CKD | CBU | SKD | CKD |
| (က) | လမ်းပေါ်တွင် မောင်းနှင်နိုင်သည့် နောက်တွဲယာဉ်ကိုဆွဲသည့်ယာဉ်(Road tractor for Semi-trailer) | ၇.၅ | ၅ | ၃ | ၃ | ၀ | ၀ |
| (ခ) | ယာဉ်မောင်းအပါအဝင် ၁၀ ဦး သို့မဟုတ် ၁၀ ဦး နှင့်အထက် စီးနင်းနိုင်သော ခရီးသည်တင် မော်တော်ယာဉ် (Bus) (Motor Vehicle for the transport of ten or more persons, including driver)၊ | ၇.၅ | ၅ | ၃ | ၃ | ၀ | ၀ |
| (ဂ) | ကုန်တင်ယာဉ် (Truck) | ၇.၅ | ၅ | ၃ | ၃ | ၀ | ၀ |
| (ဃ) | လူစီးယာဉ် (Motor Vehicles for the transport of persons) | ၁၅ | ၅ | ၃ | ၅ | ၀ | ၀ |
| (င) | သုံးဘီးတပ်ယာဉ် (လူစီး) (Three-wheeled vehicle for the transport of persons) | ၁၅ | ၅ | ၃ | ၅ | ၀ | ၀ |
| (စ) | သုံးဘီးတပ်ယာဉ် (ကုန်တင်) (Three-wheeled vehicle for the transport of goods) | ၇.၅ | ၅ | ၃ | ၃ | ၀ | ၀ |
| (ဆ) | လူစီးနှစ်ဘီးတပ် လျှပ်စစ်မော်တော်ဆိုင်ကယ် (Electric Motorcycle) | ၃ | ၁.၅ | ၁.၅ | ၁.၅ | ၀ | ၀ |
| (ဇ) | လူစီးနှစ်ဘီးတပ် လျှပ်စစ်စက်ဘီး (Electric Bicycle) | ၃ | ၁.၅ | ၁.၅ | ၁.၅ | ၀ | ၀ |
| (ဈ) | လူနာတင်ယာဉ် (Ambulance) | ၁.၅ | ၁.၅ | ၁.၅ | ၀ | ၀ | ၀ |
| (ည) | ထောင်ကား (Prison Van) | ၁.၅ | ၁.၅ | ၁.၅ | ၀ | ၀ | ၀ |
| (ဋ) | နိဗ္ဗာန်ယာဉ် (Hearse) | ၀ | ၀ | ၀ | ၀ | ၀ | ၀ |

နောက်ဆက်တွဲ (ခ)

## လျှပ်စစ်သုံးယာဉ်များ၏ ဆက်စပ်ပစ္စည်းများနှင့် အပိုပစ္စည်းများ

| စဉ် | ပစ္စည်းအမျိုးအစား | MCT 2022 တွင် ကောက်ခံသည့်နှုန်း (%) | ဖြေလျှော့ ကောက်ခံသည့်နှုန်း (%) |
|---|---|---|---|
| (က) | EV Charger | ၃ | ၁.၅ |
| (ခ) | Spare Parts | ၇.၅ | ၃ |
| (ဂ) | Battery | ၇.၅ | ၃ |